တရုတ်ပြည်၌ ခရစ်ယာန် သာသနာအမှုတော်သာသနာလုပ်ငန်းနှင့် အထူးသဖြင့် တစ်ဦးချင်းစီဆေးဝါးကုသခြင်းဆိုင်ရာ သာသနာလုပ်ငန်း၏ အတွေးအခေါ်အကြံဉာဏ်များအတွက် ကျွန်ုပ်တို့သည် ဟတ်ဆင်ထေလာ (Hudson Taylor) အား ကျေးဇူးတင်စရာများစွာရှိသည်။ သူသည် အင်္ဂလန်မှမထွက်ခွာမီ တရားဝင်ဆေးကုသမှုဘာသာကို သင်ယူမှုမပြီးဆုံးခဲ့သော်လည်း၊ ထေလာသည် တရုတ်နိုင်ငံ ရှန်ဟိုင်း (Shanghai) သို့ မသွားမီ သူတတ်နိုင်သမျှဆေးဘက်ဆိုင်ရာကျွမ်းကျင်မှုများအားလုံးကို ပညာရှိရှိ လေ့လာသင်ယူခဲ့သည်။ သူ၏ဆေးကုသမှုလုပ်ငန်းသည် သူ့အား သူ၏ဧဝံဂေလိတရားကို ဝေငှခဲ့သောသူတို့၏နှလုံးသားကို ရရှိအနိုင်ယူရန် အဖိုးရှိသော နည်းလမ်းတစ်ခု ပေးခဲ့သည်။



သူ၏ယဉ်ကျေးမှုနှင့် (တရုတ် အဝတ်အစားများ ဝတ်ဆင်ထားခြင်း) နှင့်ရောနှောနေခြင်းနှင့် သူ၏လိုအပ်ချက်အားလုံးကို ဖြည့်ဆည်းရန် ဘုရားသခင်အား သူအလွန်မှီခိုအားထားခြင်းသည် ထိုအချိန်မှစ၍ ထောင်ပေါင်းများစွာသော သာသနာပြုများအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်သည်။

သူသည် ၁၈၅၄ ခုနှစ်တွင် သူ၏အလုပ်ကို စတင်ခဲ့ပြီး သူ၏ကျန်းမာရေး ပြန်လည်ကောင်းမွန်လာရန်နှင့် အင်္ဂလန်နှင့် အမေရိကန်ပြည်ထောင်စုရှိ သူ၏အမြင်ကိုမျှဝေရန်အချိန်တိုလေးများမှလွဲ၍၊ သူသည် ၁၉၀၅ ခုနှစ်တွင်ကွယ်လွန်ချိန်အထိ တရုတ်အိန်းလန်း မစ်ရှင်း (China Inland Mission) ၏လုပ်ငန်းကို ဦးဆောင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ကရင်မျိုးနွယ်စုသည် ၎င်းတို့ရှိရာအစဉ်အလာရှိသည်ကို သင်မည်သို့ထင်သနည်း။

## သောကြာနေ့ | များစွာသောသာသနာပြုများ (၃) ၆

၁၈၀၀ ပြည့်နှစ်များအတွင်း အကောင်းဆုံးအမှတ်ရစရာ သာသနာပြုသူမှာ ဒေးဗစ်လေးဗင်းစတုန်း (David Livingstone) ဖြစ်သည်။ ရောဘတ်မိုဖတ်၏စကားကို နားထောင်ခြင်းဖြင့်လှုံ့ဆော်ခြင်းခံရပြီး၊ သူသည် အာဖရိက၌ ၁၈၄၀ ခုနှစ်တွင် အမှုတော်လုပ်ငန်းစတင်လုပ်ဆောင်ခဲ့သည်။ နှစ်အနည်းငယ်ကြာသော်၊ ဒေးဗစ်သည် မိုဖတ်၏သမီးဖြစ်သော မေရီအားလက်ထက်ခဲ့ပြီး၊ ဗဟိုအာဖရိကမြောက်ဘက်ပိုင်း၌ အမှုတော်လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့သည်။

လေးဗင်းစတုန်းသည် ပညာရေးတစ်ခုလုံး၏တန်ဖိုးကို မကြာမီတွင် သင်ယူလေ့လာခဲ့သည်။ သူက "သာသနာပြုမိသားစု၏ မရှိမဖြစ်လိုအပ်သောအောင်မြင်မှုများ" မှာ ခင်ပွန်းဖြစ်သူသည် “အိမ်ပြင်တွင် ကုန်သည်ရောင်းဝယ်မှုအားလုံး၏ဂျိုက်နှင့် ဇနီးသည်သည် အိမ်အတွင်း၌ကျွန် (အိမ်မှုကိစ္စတာဝန်ကျေသူ) ဖြစ်ရမည်” ဟု ပြောကြားခဲ့သည်။



လေးဗင်းစတုန်းသည် သစ္စာရှိသောဝိညာဉ်ရိတ်သိမ်းနိုင်သောသူဖြစ်ပြီး သူတစ်ပါးအပေါ်ထားရှိသည့်သူ၏မေတ္တာကြောင့် အမြဲရွှေ့ပြောင်းခံခဲ့ရသည်။ ထိုအချိန်ကာလ ၏ အထူးအခြေအနေများတွင် ဤချစ်ခြင်းမေတ္တာက အာဖရိကတွင် ဧဝံဂေလိတရားကို ဟန့်တားစေသောအဆိုးဆုံးသောမကောင်းမှုအဖြစ်ရှိနေသည့် ကျွန်စနစ်ကို ဆန့်ကျင်ခဲ့သည်။ သူသည် “ကျူးဘားနှင့် အခြားနေရာများရှိ ‘ကြင်နာတတ်သောသခင်များ’ ထံ တိုက်ကြီးအတွင်းပိုင်းအတွင်း သုံ့ပန်းအဖြစ်ခေါ်ဆောင်ခံရသောကျွန်ငါးဦးတွင် တစ်ဦးထက် ပိုမပေးကြောင်းကို” သတင်းထုတ်ပြန်တင်ပြခဲ့သည်။

အခြားသော ရှစ်ဆယ်ရာခိုင်နှုန်းမှာ ဖမ်းဆီးခံရပြီး သူတို့၏ကြမ်းကြုတ်သောအပြုအမူ နှိက်စက်ခြင်း၏အကျိုးရလဒ်ကြောင့် နာကျင်ခြင်းဝေဒနာခံစားခဲ့ရပြီး၊ သေဆုံးခဲ့ကြသည်။

ကျွန်ရောင်းဝယ်မှုကို ရပ်တန့်ရန် အာဖရိကသည် အခြားနိုင်ငံများနှင့် ခရီးသွားလာခြင်းနှင့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ရန် တံခါးဖွင့်ရမည်ဟု လေးဗင်းစတုန်းက ယုံကြည်ခဲ့သည်။ ၎င်းသည် ဆိုးရွားလှသည့် ရက်စက်ကြမ်းကြုတ်မှုများကို မမြင်နိုင်သည့်အပြင် “ယဉ်ကျေးသော” လောက၏လျစ်လျူရှုခြင်းကို ဖြစ်စေလိမ့်မည်။ ထို့ကြောင့် သူ၏လုပ်ဆောင်ချက်တွင် ယခင်ကမြေပုံဆွဲထားခြင်းမရှိသော တောတွင်းများ၊ မြစ်များနှင့် ရေကန်များကို ရှာဖွေတွေ့ရှိခဲ့သည်။

သူနှင့် သူ၏ဇနီး၊ သူတို့နှစ်ဦးစလုံးသည် အာဖရိက၌အမှုထမ်းရန်အသက်စွန့်ခဲ့ကြသော်လည်း သူတို့၏ဆက်ကပ်အပ်နှံမှုနှင့် စွန့်လွှတ်အနစ်နာခံမှုက သူတို့မှန်းတီးခဲ့သောရက်စက်ယုတ်မာမှုကို အဆုံးသတ်ရန်နှင့် အာဖရိကသာသနာပြုမျိုးဆက်များအတွက် အာဖရိကကို ဖွင့်ပေးရန်ဖြစ်စေခဲ့သည်။ လေးဗင်းစတုန်း၏လွှမ်းမိုးမှုက မေရီဆလပ်ဆာ (Mary Slessor) ကို ကာလပ်ဘာ (Calabar) ဟု ခေါ်သောဒေသအနောက်ပိုင်းသို့ သူမ၏အသက်တာကို ပေးဆပ်ရန် လှုံ့ဆော်ပေးခဲ့သည်။ ယေရှုအတွက် အလုပ်လုပ်ရာ၌သတ္တိရှိရှိ မယုံနိုင်လောက်အောင် လုပ်ဆောင်ခဲ့သည်မှာ မာရိသည် ထပ်ခါထပ်ခါအကြမ်းဖက်အခြေအနေများသို့ ဝင်ရောက်ကာ တိုက်ပွဲများ ရပ်တန့်ရန် ရိုးရိုးလေး တောင်းဆိုခဲ့သည်။ သူမသည် ကြောက်ရွံ့မှုကင်းမဲ့ခြင်း သို့မဟုတ် ရဲရင့်ခြင်းနှင့် လူတို့အား ချစ်သောကြောင့်၊ သူမသည် တနည်းအားဖြင့် အသတ်ခံခဲ့ရနိုင်ချေရှိသည့် အန္တရာယ်ရှိအခြေအနေများအတွက် အောင်မြင်ခဲ့သည်။

သူမသည် တစ်ချိန်က ပူးပေါင်းဆောင်ရွက်ခြင်းမပြုသောအကြီးအကဲတစ်ဦးအား "မိန်းမရဲ့စွမ်းအားကို သင်စဉ်းစားသည့်အခါ ထိုမိန်းမ၏ဘုရားသခင့်တန်ခိုးတော်ကို မေ့သွားသည်" ဟု ပြောခဲ့သည်။

မေရီသည် ကလေးငယ်အမြွှာများကို တောထဲ၌သေစေသည့်ရာစုနှစ်များစွာရှိသောဓလေ့ထုံးစံများကို ရဲရင့်စွာဆန့်ကျင်ခဲ့သည်၊ ၎င်းသည် အကြီးအကဲတစ်ဦး သေဆုံးသွားသောအခါ ဇနီးနှင့် အမှုထမ်းများအားသေစေခဲ့သည်။

ထို့ကြောင့် သူမသည် ဤသေခြင်းတစ်ခုစီအတွက် လက်စားချေသတ်ဖြတ်ရန် တောင်းဆိုခဲ့သည်။ အချိန်တန်သော် သူမ၏ဩဇာလွှမ်းမိုးမှုကြောင့် ကျေးရွာများစွာကို အသွင်ပြောင်းခဲ့ပြီး၊ ဧဝံဂေလိတရားကိုကြားရန် အသက်ပေါင်းများစွာသည် ကယ်တင်ခံခဲ့ရသည်။

သူမ၏အနှစ်သက်ဆုံးသောပြောဆိုမှုမှာ “မည်သည့်နေရာ၌မဆို ရှေ့သို့ချီရန် ကူညီထောက်မပါ။” ထိုသို့အားဖြင့် သူမသည် ၄၄ နှစ်လုံးလုံး အသက်ရှင်နေထိုင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** အဘယ်မျှလောက်သော သမ္မာကျမ်းချက်များသည် ကျွန်ုပ်တို့အား ကြောက်ရွံ့ခြင်းမရှိစေရန် မိန့်တော်မူခဲ့သည်ကို သင်သတိပြုမိခဲ့ဖူးပါသလား။ ဤကဲ့သို့သောကျမ်းချက်များကို သင်အမှန်တကယ် ယုံကြည်ကိုးစားနိုင်ပါသလား။ ဆာလံကျမ်း ၂၇း၁၊ ၅၆း၁၁၊ ဟေရှာယအနာဂတ္တိကျမ်း ၅၁း၁၂၊ ရောမဩဝါဒစာ ၈း၃၁၊ ဟေဗြဲဩဝါဒစာ ၁၃း၆။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

# ဘုရားသခင်အတွက် အလင်းသက်သေခံများ

YR C NO. 34

**အလွတ်ကျမ်းချက်။ ။ ရောမဩဝါဒစာ ၁၀း၁၄**

**“သို့ရာတွင်၊ မယုံကြည်လျှင် အဘယ်သို့ ပဋ္ဌနာပြုနိုင်မည်နည်း။ သိတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။”**



## တနင်္ဂနွေနေ့ | ဂျွန်ဝက်ဆလီနှင့် မက်သဒစ်အသင်းတော် ၁

ဂျွန်ဝက်ဆလီ (John Wesley) သည် သူ၏သက်တမ်းအတွင်း တရားဒေသနာ လေးသောင်းကျော်ကို ဟောကြားခဲ့သည်။ အင်္ဂလန်အသင်းတော်၏ဘုန်းတော်ကြီးများက သူ့ကို သူတို့၏အသင်းတော်များတွင် တရားဟောပြောခွင့်မပေးသောကြောင့် သူသည် နားထောင်သူမည်သူမဆိုအတွက်ပွင့်လင်းသော အခွင့်အလမ်းဝန်ဆောင်မှုများကို လုပ်ဆောင်ခဲ့သည်။ အစပိုင်းတွင် သူသည် ဆန့်ကျင်မှုနှင့် အကြမ်းဖက်မှုကိုပင် မကြာခဏကြုံခဲ့ရသည်။ သူ၏အသက်တာသည် အကြိမ်ပေါင်းများစွာ အန္တရာယ်ထဲ၌ ကျရောက်ခဲ့သည်။ သို့သော် သူသည် သူဟောပြောသောတရားဟောချက်ကို ကြားခဲ့သောသူများ၏ စိတ်နှလုံးသားများကို အနိုင်ယူခဲ့ပြီး၊ သူတို့၏ လေးစားရိုသေမှုနှင့် ချစ်ခင်မှုကို ရရှိခဲ့သည်။

သူသည် တရားဟောဆရာများ ပိုမိုလိုအပ်ကြောင်းကို သိမြင်လာခဲ့သည်။ သူသည် ဘုန်းတော်ကြီးအနည်းငယ်သာ ရိုးရှင်းသောဝမ်းမြောက်စရာဧဝံဂေလိသတင်းစကားကို ပေးရန်နှင့် အပြစ်သားများ နောင်တရရန်အတွက် ဖိတ်ခေါ်ဖို့ရန် စိတ်ဆန္ဒ အဘယ်ကဲ့သို့ရှိကြောင်းကို တွေ့မြင်သောအခါတွင်၊ သူက ကူညီရန်တစ်ခုတည်းသောနည်းလမ်းမှာ “ဓမ္မဆရာများ” ကို ခန့်ထားခြင်းဖြစ်သည်ကို သိမြင်ခဲ့သည်။ ယောက်ျားများ၊ မိန်းမများနှစ်မျိုးစလုံးသည် တရားစတင်ဟောခဲ့လေတော့၏။ ထိုနေရာတွင် ဘုန်းတော်ကြီးများ သို့မဟုတ် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများ မရှိပေ၊ သို့သော် သူတို့၏အိမ်နီးချင်းပတ်ဝန်းကျင်များအား ချစ်သော ရိုးရှင်းသောခရစ်ယာန်များသည် သူတို့၏ကယ်တင်ခြင်းအတွက် လုပ်ဆောင်ဖို့ရန် လုံလောက်ခဲ့သည်။

ထိုကဲ့သို့သော ပုံမှန်မဟုတ်သောအလေ့အကျင့် (လုပ်ဆောင်မှု) သည် ဝေဖန်မှုများကိုဖြစ်ပေါ်စေလိမ့်မည်ကို သိသောကြောင့် ဝစ်ဆလီက အရာအားလုံးကို “လျောက်ပတ်စွာနှင့် အစီအစဉ်တကျ” အသေအချာ ကြိုးစားလုပ်ဆောင်ခဲ့သည်။ ဝစ်ဆလီသည် မိမိကိုယ်တိုင် အလွန် စနစ်တကျရှိသောလူသားတစ်ဦး ဖြစ်သည်။ သူ့၏ ဩဇာလွှမ်းမိုးမှုသည် ရိုးရှင်းပါသည်၊ သို့သော် ခိုင်မာသောအဖွဲ့အစည်းဖြစ်စေခဲ့၏။ သူတို့၏အကိုင်းအခက်များအားလုံးကို “မက်သဒစ်များ” (မက်သဒစ်ဘာသာဝင်များ) ဟုခေါ်သည်။ သို့သော် နည်းစနစ်တကျ လုပ်ဆောင်ခြင်းသည် ဆိုးသောအရာမဟုတ်သောကြောင့် သူတို့သည် မက်သဒစ်များ (Methodists) ဖြစ်လာခဲ့သည်။



ဝစ်ဆလီသည် အင်္ဂလန်အသင်းတော်၏ ဘုန်းတော်ကြီးတစ်ပါးဖြစ်နေဆဲဖြစ်သည်။ သူသည် သူ၏နောက်လိုက်များကို “အသင်းအဖွဲ့” ၏ အဖွဲ့ဝင်များဟုသတ်မှတ်ပြီး အသင်းတော်အသစ်၏ အသင်းဝင်များဟု မသတ်မှတ်ပါ။ သို့သော် ၁၇၈၄ ခုနှစ်တွင်၊ လန်ဒန် ဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် ယခုလွတ်လပ်သောယူအက်စ်အေ (USA) ပြည်နယ်ရှိ မက်သဒစ်များအတွက် သာသနာပြုတစ်ဦးကို ဘိတ်သိပ်ပေးရန် (တရားဝင်ခန့်အပ်ရန်) ငြင်းဆန်သောအခါ၊ ဝစ်ဆလီသည် ဘိတ်သိပ်ပေးခြင်းနှင့် ပတ်သက်သော သမ္မာကျမ်းစာ၏မိန့်တော်မူချက်များကို ထပ်မံလေ့လာခဲ့သည်။ ထို့နောက် သူသည် အသင်းတော်ကြီးထွားလာသည့်ဒေသများ၌ လိုအပ်သည့်အတိုင်း တရားဟောဆရာများကို ဘိတ်သိပ်ပေးခန့်အပ်ခဲ့သည်။ သူကိုယ်တိုင်သည် အင်္ဂလန်အသင်းတော်မှ ဘယ်တော့မှမစွန့်ခဲ့သော်လည်း၊ မက်သဒစ် အသင်းတော်သည် မည်သို့ပင်ဖြစ်စေကာမူ ပေါ်ပေါက်လာခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** အင်္ဂလန်အသင်းတော်၏ပြဿနာမှာ အဘယ်နည်း။ ၎င်းသည် ဘုရားသခင်နှင့် ပိုမိုနက်နဲသောအတွေ့အကြုံရလိုသူများကို ထောက်ပံ့ရန် အဘယ်ကြောင့်အလွန်နှေးကွေး သို့မဟုတ် လုံးဝ မလိုချင်ခဲ့ကြသနည်း။ ယေဇကျေလအနာဂတ္တိကျမ်း ၃၄း ၂-၄။



## တနင်္လာနေ့ | ချားလ်စ် ဝစ်ဆလီ ၂

မှန်ပါသည်၊ ဂျွန်ဝစ်ဆလီသည် တစ်ဦးတည်း မလုပ်ဆောင်ခဲ့ချေ။ သူ၏ညီဖြစ်သော ချားလ်စ်သည် သူနှင့် အလွန်နီးကပ်စွာ လုပ်ဆောင်ခဲ့သည်။ သို့သော် ချားလ်စ်သည် သူ့အစ်ကိုနည်းတူ ဓမ္မဆရာသာသနာပြုတစ်ယောက်ဖြစ်လာပြီးနောက်၌ပင် သင်ယူစရာ များစွာ ရှိခဲ့သည်။

ချားလ်စ်သည် သူ၏အစ်ကိုဂျွန်နှင့်အတူ စင်မွန် သဘော် (Simmonds) တွင် အမေရိကသို့ ရွက်လွှင့်ခဲ့ပြီး၊ ကြောက်စရာကောင်း၍ အန္တရာယ်ရှိသောမုန်တိုင်းတိုက်ခတ်သည့်တစ်လျှောက်လုံး၌ မော်ရဗီးယားများတို့၏ငြိမ်ချမ်းခြင်းနှင့် ယုံကြည်ခြင်းကို သူသည် စိတ်အံ့အားသင့်သဘောကျခဲ့သည်။

အင်္ဂလန်သို့ပြန်ရောက်ပြီးနောက်၊ ချားလ်စ်သည် ဂျော်ဂျီယာ (Georgia) ရှိ ကိုလိုနီသို့ သွားရန် မော်ရဗီးယားလူမျိုးသာသနာပြု ပီတာဘွဒ်လာ (Peter Bohler) ထံ အင်္ဂလိပ်စာသင်ကြားခြင်းအလုပ်ကို လုပ်ခဲ့သည်။ သို့သော်လည်း၊ ချားလ်စ်သည် ဖျားနာခဲ့ပြီး၊ သေခါနီးပုံဖြစ်ခဲ့သည်။

ဘွဒ်လာက သူ့အား "သင်သည် ကယ်တင်ခြင်းသို့ရောက်ရန် မျှော်လင့်ပါသလား" ဟု မေးခဲ့၏။ ချားလ်စ်က "ဟုတ်ကဲ့၊ မျှော်လင့်ပါသည်။" "သင်သည် မည်သည့်အကြောင်းရင်းကြောင့် ၎င်းကိုမျှော်လင့်သနည်း။" "အကြောင်းမှာ ဘုရားသခင်၏အမှုတော် ထမ်းဆောင်ဖို့ရန် ငါ အကောင်းဆုံး ကြိုးစားအားထုတ်ခဲ့သောကြောင့်ဖြစ်သည်" ဟု ပြန်ဖြေခဲ့သည်။

နောက်ပိုင်းတွင် ချားလ်စ်ဝစ်ဆလီက ၎င်းအကြောင်းပြောပြရာတွင် "[ဘွဒ်လာ] သည် ခေါင်းကို ခါလိုက်ပြီး၊ ဘာမျှမပြောခဲ့ချေ။ ငါသည် သူ့ကို အလွန်ကပ်စီးနည်းသောသောသူ [ကြင်နာမှုမရှိသူ] ဟု ထင်ခဲ့သည်၊ သူက ငါ့ရဲ့ကြိုးစားအားထုတ်မှုကို လုယူမလား" ကျွန်ုပ်စိတ်နှလုံးသားထဲမှ ပြောနေခဲ့သည်" ဟု ချားလ်စ်က ပြောဆိုခဲ့သည်။ သို့သော် ထိုဝမ်းနည်းဖွယ်၊ အသံတိတ်၊ ခေါင်းခါခြင်း သင်္ကေတသည် သူ၏ "ကြိုးစားအားထုတ်မှု" အပေါ် သူ၏ယုံကြည်မှုကို ပျက်ပြားစေခဲ့သည်။

ဘွဒ်လာသည် ဝစ်ဆလီအား မိမိကြိုးပမ်းမှုများကို မယုံကြည်မကိုးစားနိုင်ကြောင်းသဘောမပေါက်စေရန် ကူညီမပေးခဲ့လိုပါသလား။ ကျွန်ုပ်တို့သည် ထိုကဲ့သို့သောအခြေအနေများကို မည်သို့ကိုင်တွယ်သင့်သနည်း။ ဖေက်သြဝါဒစာ ၄း၁၅။

၎င်းနောက် မကြာမီတွင် သူ၏အိမ်ရှင်မစ္စတာဘရေး (Mr. Bray)၊ အခြား မော်ရဗီးယားတစ်ဦးဖြစ်သူအား ချားလ်စ်က "ခရစ်တော်မှလွဲ၍ ဘာမှမသိသောဆင်းရဲသား အသိပညာမရှိသောစက်ပြင်သူ" အဖြစ် ဖော်ပြခဲ့ပြီး၊ သူသည် သူ့အား သူတတ်နိုင်သည့်အရာ မဟုတ်ဘဲ သူ့အတွက် သခင်ယေရှုလုပ်ပေးနိုင်သည့်အရာကို မျှော်လင့်ချက်ရှိစေခဲ့သည်။

ဂျွန်ကဲ့သို့ပင်၊ ချားလ်စ်သည် မကြာမီတွင် အသင်းတော်များ၌ တရားဟောခြင်း ပိတ်ပင်ခံခဲ့ရသည်။ သို့သော် သူသည် ကြီးမားသောအောင်မြင်မှုနှင့်အတူ မိမိတရားဟောခြင်းကို လယ်ကွင်းဆီသို့ ရွှေ့သွားခဲ့သည်။ သူ၏တရားဟောခြင်းသည် သူ့အစ်ကိုကဲ့သို့ လူသိမများသော်လည်း၊ လူထောင်ပေါင်းများစွာကို သခင်ခရစ်တော်ထံသို့ ယူဆောင်ပေးခဲ့သည်။

ယနေ့ ချားလ်စ်ဝစ်ဆလီသည်ဓမ္မသီချင်းရေးစပ်သူတစ်ယောက်အဖြစ်နဲ့ အမှတ်ရစရာအကောင်းဆုံးတစ်ယောက်ဖြစ်သည်။ သူ၏အသက်တာတစ်လျှောက်လုံး၊ သူသည် ဓမ္မသီချင်း ခုနှစ်ထောင်နီးပါး ရေးစပ်ခဲ့သည်။ "နားထောင်ကောင်းကင်သားကြွေးကြော်၊" "ခရစ်တော်ဘုရားရှင်သည် ယနေ့ထမြောက်တော်မူပြီ" နှင့် "ချစ်သနားယေရှုဘုရား" စသည့်သီချင်းအပါအဝင် သူရေးစပ်ခဲ့သောဓမ္မသီချင်းများစွာကို ယနေ့သီဆိုနေကြဆဲဖြစ်သည်။

**လက်တွေ့ကျင့်သုံးရန်။** အကယ်၍ ချားလ်စ်ဝစ်ဆလီသည် "ဆင်းရဲသားဖြစ်ပြီး မသိနားမလည်သောစက်ပြင်သူ" မှ သင်ယူရန် မာနကြီးလွန်းပါက မည်မျှလောက်သော ကောင်းကျိုးရမည်ဟု စဉ်းစားပါ။ ကောရိန္သုသြဝါဒစာ ပဌမစောင် ၁း၂၀-၂၇။

## အင်္ဂါနေ့ | ဂျော့ဝှိုက်ဖေးဒ်



သမ္မာကျမ်းစာသည် သုံးလွန်းတင်သောကြိုးအကြောင်း မည်သို့မိန့်တော်မူခဲ့သနည်း။ ဒေသနာကျမ်း ၄း၁၂။ မက်သဒစ်လှုပ်ရှားမှု၏ သုံးလွန်းတင်သောကြိုးမှာ ဂျော့ဝှိုက်ဖေးဒ် (George Whitefield) ဖြစ်သည်။ ဝှိုက်ဖေးဒ်သည် ဂျွန်ဝစ်ဆလီနှင့် ချားလ်စ်ဝစ်ဆလီတို့ထက်ပင် သူ၏တရားဟောခြင်းကြောင့် ကျော်ကြားခဲ့သည်။ သူ၏ တရားဟောချက်များသည် နားလည်ရန် ခက်ခဲရှုပ်ထွေးမှုများမရှိခဲ့ချေ။ အမြဲတမ်းလိုလို သူဟောခဲ့သည့် တရားဟောချက်ခေါင်းစဉ်မှာ "ဒုတိယမွေးဖွားခြင်း မခံသောသူမည်သည်ကား ဘုရားသခင်၏နိုင်ငံတော်ကို မမြင်ရ" (ရှင်ယောဟန်ခရစ်ဝင် ၃း၃) ဖြစ်ပြီး၊ သို့သော် ၎င်းခေါင်းစဉ်ဖြင့် ဟောခဲ့သည့်တရားဟောချက်ကို ကြားနာသောသူများသည် အဘယ်သူမျှ ငြီးငွေ့ခြင်းမရှိခဲ့ကြချေ။ ဂျော့ဝှိုက်ဖေးဒ်သည် တရားကောင်းကောင်း ဟောနိုင်ခဲ့သည်။

တရားဟောချက်တစ်ပုဒ် ကောင်းသည် သို့မဟုတ် မကောင်းသည်ကို မည်သည့်အရာက လုပ်ဆောင်ပေးသနည်း။ ကောရိ န္သု သြဝါဒစာ ပဌမစောင် ၂း၂၊ ၄။

ဝှိုက်ဖေးဒ်သည် ချမ်းသာသောသူများနှင့် နာမည်ကျော်ကြားသောသူများအား ရှင်းရှင်းလင်းလင်းနှင့် ဆွဲဆောင်မှုစည်းရုံးမှုဖြင့် ပြောဆိုခဲ့သည်။ သို့သော် သူသည် ဧဝံဂေလိသတင်းစကားဝေငှခြင်းမပါဘဲ အဘယ်သူကိုမျှ မကျော်သွားနိုင်ခဲ့သောကြောင့်၊ လယ်ကွင်း၌သော်လည်းကောင်း၊ လမ်းပေါ်၌သော်လည်းကောင်း တရားဟောခြင်းကိုလည်း စတင်ခဲ့သည်။ ဝစ်ဆလီကဲ့သို့ပင် ဝှိုက်ဖေးဒ်၏ ပြင်ပလဟာပြင်ဟောပြောခြင်းသည် အကြိမ်များစွာ ဆန့်ကျင်မှုကို ဖြစ်စေခဲ့သည်။ လမ်းဆုံလမ်းခွစည်းဝေးဟောပြောခြင်းတစ်ခုတွင် သူက (ပျော်ရွှင်စွာ) ပြောခဲ့သည်မှာ "ဤနေရာမှာ ကျွန်တော့်ကို ကျောက်ခဲများ၊ ဖုန်များ၊ ကြက်ဥပုပ်များ၊ ကြောင်သေများအပိုင်းအစများနဲ့ ပစ်ပေါက်သည်ကို ဂုဏ်ယူမိပါသည်" ဟု ပြောဆိုခဲ့သည်။

ဘရိုက်စတွန် (Bristol) က ကျောက်မီးသွေးတွင်းများတွင် ဝှိုက်ဖေးဒ်သည် ယခင်ကကဲ့သို့ အားကြီးစွာဟောပြောခဲ့သည်။ ထိုအချိန်က ဆင်းရဲသားများနှင့် ပညာမတတ်သူများသည် အရက်နှင့်ဆိုးသွမ်းမှုကြောင့်သာ ချိုးဖျက်ခြင်းခံရ၍ ပျင်းရိငြီးငွေ့ဖွယ်ကောင်းသော အသက်တာများဖြင့် အသက်ရှင်နေထိုင်ခဲ့ကြသည်။ "ယဉ်ကျေးသိမ်မွေ့သောလူ့အဖွဲ့အစည်း" ကိုမှ လူဟု လူများကထင်သော်လည်း သူတို့သည် ဝှိုက်ဖေးဒ်အတွက် အရေးကြီးသောသူများဖြစ်ခဲ့ကြသည်။ ထောင်နှင့်ချီသောလူများတို့သည် ကြားနာဖို့ရန် ရောက်လာခဲ့ကြပြီး၊ မျက်ရည်များဖြင့် အဖြူရောင်ဖြာထားသောကျောက်မီးသွေးဖုံး မျက်နှာများ၏ပုံသည် ဝှိုက်ဖေးဒ်၏အမှုတော် လုပ်ငန်းနှင့် ဆက်စပ်နေဆဲဖြစ်သည်။

ဝှိုက်ဖေးဒ်၏ဟောပြောမှုသည် အင်္ဂလန်နှင့်အမေရိကနှစ်နိုင်ငံလုံး၌ ကျော်ကြားခဲ့သည်။ သူ၏ရိုးသားမှုကို မည်သူမျှ သံသယမရှိခဲ့ပါ။ မထီမဲ့မြင်ပြုသူတစ်ဦးဖြစ်သူ ဒေးဗစ်ဟွမ် (David Hume) အား ဝှိုက်ဖေးဒ်၏ဟောပြောချက်ကို သူယုံကြည်မည်ဆိုလျှင် သမ္မာကျမ်းစာကို ပျက်ရယ်ပြုသင့်သလားဟု မေးခဲ့သည်။ သူက "မပြုသင့်၊ သို့သော် သူ လုပ်ဆောင်ပါသည်" ဟု တုန့်ပြန်ခဲ့သည်။

တစ်ချိန်က ရင်းနှီးသောမိတ်ဆွေတစ်ဦးက ဝှိုက်ဖေးဒ်သည် "မျက်ရည်မပါသောတရားတော်များကို တစ်ခါမျှဟောခဲလှသည်" ဟု မှတ်ချက်ပေးခဲ့သည်။ သို့သော် နယူးယောက်မြို့မှ ချမ်းသာသောအမျိုးသမီးတစ်ဦးက "မစ်စတာ ဝှိုက်ဖေးဒ်သည် အလွန်အားပေးတတ်သောသူဖြစ်၍၊ ၎င်းကြောင့် ငါ့ကို ခရစ်ယာန်တစ်ယောက်ဖြစ်လာရန် ဆွဲဆောင်နိုင်ခဲ့သည်" ဟု ပြောဆိုခဲ့သည်။ ထိုအရာသည် ဝှိုက်ဖေးဒ်က လူများအား ခရစ်ယာန်ဖြစ်လာစေဖို့ရန် အလိုဆန္ဒအလုံးစုံဖြစ်သည်။ သူ၏ သာသနာပြုခြင်းကြောင့် ထောင်ပေါင်းများစွာသော အကျိုးကို ရရှိခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** မည်သည့်အရာက တရားဟောဆရာအား အောင်မြင်သောသူဖြစ်စေပါသနည်း။ ကောရိန္သုသြဝါဒစာ ဒုတိယစောင် ၄း၅-၇။

## ဗုဒ္ဓဟူးနေ့ | များစွာသောသာသနာပြုများ (၁)



၁၇၀၀ ပြည့်လွန်နှစ်များနှောင်းပိုင်းမှစတင်၍ ခေတ်သစ်မစ်ရှင်များ (Modern Missions) ၏လုပ်ငန်းသည် လျင်မြန်စွာ ကြီးထွားတိုးတက်လာခဲ့သည်။ ဤကြီးမားလှသောလှုပ်ရှားမှုမှ အကြောင်းအရာအဖြစ်အပျက်များအားလုံးကို ပြောပြသင့်သော်လည်း ကျွန်ုပ်တို့သည် ထိုအဖြစ်အပျက်များ၏အဓိကပေါ်လွင်ချက်များကို အပေါ်ယံသာ အလျင်အမြန် တွေ့နိုင်ပါသည်။

ဧဝံဂေလိတရားသည် ခရစ်ယာန်တိုင်းအပေါ်တွင်သာ ရှိသည်ဟု ဆင်းရဲနွမ်းပါးသောရှုပ်ထွေးသောဝီလျံကယ်ရီ (William Carey) က ယူဆခဲ့သည်။ ဤသည် သူ၏ဆိုလိုခြင်းဖြစ်သည်။ အကြောင်းလှစွာပင်၊ ၎င်းအကြောင်းနှင့်ပတ်သတ်၍ သူ၌အပြစ်ရှိသည်ဟု ခံစားရမည့်အစား၊ ရှေ့သို့ဆက်သွားရန် လိုအပ်သောယုံကြည်ခြင်းနှင့် အမြင်ရုံပါရုံ သူ၌ရှိခဲ့သည်။



၁၇၈၉ တွင် ကျော်ကြားသောတရားဟောချက်ကို သူဟောခဲ့သည်။ ၎င်းတရားဟောချက်၌ "ဘုရားသခင်ထံမှ ကြီးစွာသောအရာများကို မျှော်လင့်ပါ။ ဘုရားသခင်အတွက် ကြီးသောအရာများအတွက် ကြိုးစားပါ" ဟု ပြောဆိုခဲ့သည်။ သူသည် ထိုအတွေးအခေါ်များကို အဘယ်နေရာတွင်ရရှိသည်ကို တွေ့မြင်ရန်၊ ဘုရားသခင်သည် မိမိလူတို့အား သူတို့၏နေအိမ်များ သို့မဟုတ် အစည်းအဝေးကျင်းပရာနေရာများကို တိုးချဲ့ရန်နှင့် သူတို့နှင့်ပူးပေါင်းရန်ပိုမိုပြင်ဆင်ရန် ဘုရားသခင်မိန့်တော်မူသည့်နေရာကို တွေ့နိုင်ရန် ဖတ်ပါ။ ဟေရှာယအနာဂတ္တိ ကျမ်း ၅၄း၂၊ ၃။

၁၇၉၃ တွင် သူသည် သူ၏မိသားစုကို မိမိကုန်ကျစရိတ်များပေးဆောင်ဖို့ သူ့အမျိုးမျိုးသောအလုပ်အကိုင်များ အလုပ်လုပ်ခဲ့သည့် နေရာဖြစ်သောအိန္ဒိယ (India) သို့ ခေါ်ဆောင်ခဲ့သည်။ ပြောင်းလဲသောသူများသည် နှစ်ခြင်းခံလိုက်ခဲ့ကြသည်နှင့်အမျှ၊ မိမိတို့ ကိုယ်ပိုင်ဘာသာစကားဖြင့် သမ္မာကျမ်းစာလိုအပ်ကြောင်း သူသည် သဘောပေါက်လာခဲ့သည်။ အံ့သြစရာကောင်းစွာပင်၊ သူသည် ဘင်္ဂါလီ (Bengali) ဘာသာကိုသင်ယူပြီး၊ ၁၈၀၁ ခုနှစ်တွင် ဓမ္မသစ်ကျမ်းကို ဘာသာပြန်ဆိုခဲ့သည်။ ဘာသာစကားများအတွက် သူ၏စွမ်းရည်ကြောင့် နောက်ပိုင်းတွင် သူသည် ကောလိပ်ပါမောက္ခတစ်ဦးဖြစ်လာခဲ့ပြီး၊ တစ်နှစ်လျှင်ပေါင် ၁၅၀၀၀ (အင်္ဂလိပ်ငွေဖြင့်ပေါင်) ဝင်ငွေ ရရှိခဲ့သည်။ သူက သူ့မိသားစုကို ထောက်ပံ့ပေးသောပေါင် ၄၀ မှအပ အားလုံးကို သာသနာပြုလုပ်ငန်း (မစ်ရှင်လုပ်ငန်း) သို့ ပေးခဲ့သည်။

အချိန်တန်သော်၊ သူသည် သမ္မာကျမ်းစာကို ဘာသာစကားစုစုပေါင်း ၇ ခုဖြင့် ဘာသာပြန်ပြီး၊ စာသင်ကျောင်း ၄၅ ကျောင်းကို ဖွင့်ပေးခဲ့သည်။ သည့်အပြင် နူနာစွဲသူများအတွက် ဆေးရုံတစ်ခု တည်ထောင်ခဲ့ပါသည်။

နှစ်ပေါင်း (၄၁) နှစ်ကြာ မစ်ရှင်လုပ်ငန်းလုပ်ဆောင်ပြီးနောက် ကယ်ရီသည် ကွယ်လွန်သွားခဲ့သည်။ သို့သော်လည်း သူ၏ရည်မှန်းချက်ပန်းတိုင်သည် မရောက်သော်လည်း "အိန္ဒိယ၌ ခရစ်တော်၏အသင်းတော်ကို အုတ်မြစ်ချရာတွင် အသုံးဝင်" စေခဲ့သည်။

အလားတူအဖြစ်အပျက်မှာ ရောဘတ်မိုဖတ် (Robert Moffat) ၏အကြောင်းဖြစ်သည်။ ၁၈၁၇ မှစတင်၍ သူသည် တောင် အာဖရိကပြည်သူလူထုကြား ဧဝံဂေလိတရားကို ပျံ့နှံ့စေဖို့ရန်အတွက် လူမျိုးစုဆိုင်ရာစစ်ပွဲများနှင့် အုံကြွမှုများကို ထပ်ခါတလဲလဲ ရှောင်တိမ်းခဲ့ရသည်။ ပထမဆုံးအသင်းတော်ကို မတည်ထောင်မီတွင် ၁၂ နှစ်ကြာခဲ့သည်။ မိုဖတ်သည် ၁၈၇၀ ခုနှစ်ထိတိုင် ထိုနေရာတွင် ဆက်လက်လုပ်ဆောင်ခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** အဘယ်ကြောင့် တစ်စုံတစ်ဦးသည် မိမိ၏တစ်သက်တာလုံးကို တိုင်းတစ်ပါးတွင် ကုန်လွန်စေသနည်း။ သင့်ကို ကူညီဖို့ရန်လာသောသူများက သတ်ဖြတ်ခြင်းအန္တရာယ်ကို အဘယ်ကြောင့်ခံနိုင်ရည်ရှိသနည်း။ ဟေဗြဲသြဝါဒစာ ၁၃း၁၂-၁၆၊ ရှင်ပေတရုသြဝါဒစာ ပဌမစောင် ၂း၂၁-၂၄။

## ကြာသပတေးနေ့ | များစွာသောသာသနာပြုများ (၂)



၁၈၁၂ တွင် အမေရိကသည် အသင်းတော်၏ပထမဆုံးသာသနာပြု အဒေါနိရမ်ဂျတ်ဆင် (Adoniram Judson) သို့မဟုတ် ယုဒသန် အား အိန္ဒိယသို့ စေလွှတ်ခဲ့သည်။ လွန်ခဲ့သောနှစ်အနည်းငယ်က သူသည် ဘုရားသခင်တည်ရှိကြောင်းငြင်းပယ်ကာ ဘုရားမဲ့ ဝါဒီတစ်ဦး (atheist) ဖြစ်ခဲ့သည်။ သို့သော် သူ့ကိုဘုရားမဲ့ဝါဒသို့ပို့ဆောင်သော "သူငယ်ချင်း" ထံမှ စိတ်ပျက်လက်ပျက်ငိုကြွေးအော်ဟစ်လိုက်ခြင်းက သူ့အား ပိုမို ကောင်းမွန်သောအရာတစ်ခုခုကို ရှာဖွေစေခဲ့သည်။ သိပ်မကြာမီ၌ပင် သူသည် သခင်ယေရှုကို ရှာဖွေသိရှိခဲ့သည်။ ထို့နောက် သူသည် လက်ထပ်ထိမ်းမြားခဲ့ပြီး၊ သူသည် မိန်းမနှင့်အတူ အိန္ဒိယသို့ ရွက်လွှင့်ခဲ့သည်။



ဂျတ်ဆင်နှင့် သူ၏ဇနီးတို့သည် ပထမနှစ်တွင် အိန္ဒိယမှ နှစ်ကြိမ်တိုင်တိုင် ထွက်ခွာရန် အတင်းအဓမ္မ တိုက်တွန်းခြင်းခံခဲ့ရပြီး၊ နောက်ဆုံးတွင် မြန်မာနိုင်ငံသို့ သွားခဲ့သည်။ ထိုနေရာသည်လည်း ကြိုဆိုညှော်ခံသည့် နေရာမဟုတ်ခဲ့ချေ။ သို့သော်လည်း ဂျတ်ဆင်ကို တိုင်းပြည်မှ မနှင်ထုတ်ဘဲ ရိုက်နှက်ခြင်း၊ သံကြိုးဖြင့်ချည်နှောင်ခြင်းအပူပိုင်းဒေသ၊ တောများ တစ်လျှောက်ဖြတ်သွားခဲ့ရခြင်းနှင့် ၂ နှစ်နီးပါး ထောင်ချခြင်းစသည်တို့ ခံခဲ့ရသည်။

၁၄ နှစ်တာကာလအတွင်း သူ၏ဇနီးနှင့် ကလေးများအားလုံးသေဆုံးခဲ့သည်။ သို့သော် သူသည် အရှုံးမပေးခဲ့ပါ။ သူ၏ကြီးမားသောစိတ်အားထက်သန်မှုမှာ သမ္မာကျမ်းစာကို ဗမာဘာသာ (Burmese) သို့ ပြန်ဆိုရန်ဖြစ်သည်။ နောက်ဆုံး၌ သူအောင်မြင်သောအခါ၊ သမ္မာကျမ်းစာသည် သူ၏အကြီးမားဆုံးမျှော်လင့်ချက်ထက်ပို၍ တံခါးဖွင့်ပေးစေခဲ့သည်။ ရှေးရိုးရာအစဉ်အလာအရ မြန်မာနိုင်ငံရှိ ကရင် (Karen) လူမျိုးများသည် ကယ်တင်ခြင်းသတင်းကို "ရွှေစာအုပ်" (Book of Gold) ဖြင့်ဆောင်ကြဉ်းပေးမည့် "လူဖြူအစ်ကို" (White brother) အကြောင်းပြောခဲ့ကြသည်။ ဤအကျိုးရလဒ်ကြောင့်၊ ဧဝံဂေလိတရားသည် ကရင်လူမျိုးများအကြား လျင်မြန်စွာ ပျံ့နှံ့သွားခဲ့လေသည်။

ဂျတ်ဆင် (ယုဒသန်) ကွယ်လွန်ချိန် ၁၈၅၀ ခုနှစ်တွင် ပြောင်းလဲလာသူ ၇,၀၀၀ ရှိခဲ့သည်။ ၁၉၂၀ ပြည့်နှစ်ရောက်ချိန်တွင် ပြောင်းလဲလာသူပေါင်း ၁၅၀,၀၀၀ ကျော်ရှိခဲ့သည်။